mgyoe.com

ညီညီ [နှင့်] အောင်စည်
စီစဥ်သည့်

# ကကြီးခခွေး အလွယ်လေး

မြန်မာစာသင်စာအုပ်၊ အတွဲ(၁)



mgyoe.com



ညီညီ [နှင့်] အောင်စည်

စီစဥ်သည့်

# ကကြီးခခွေး အလွယ်လေး



ကလေးတွေ ပျော်ရင်း၊ ပါးရင်း၊
ပုံဆွဲရင်းနဲ့ ရွတ်ဆို၊ ရေးသား၊
လေ့လာအားတွေ ပိုမိုမြင့်မားလာမှာဖြစ်ကြောင်း
ရဲရဲကြီး အာမခံလိုက်ပါရစေ။



ISBN 978-99971-2-010-6
A1NN0001
1800 MMK

mgyoe.com

စာမူမူပိုင် - ညီညီ နှင့် အောင်စည်
ယခုစာအုပ်ပြင်ဆင်တင်ဆက်ပုံမူပိုင် - အပါးတော်မြဲ
စာအုပ်တိုက်အမှတ်တံဆိပ် - အော်ပီကျယ်

ထုတ်ဝေခြင်း။ ဦးအောင်စည်သာ၊ အပါးတော်မြဲစာပေတိုက်(၀၂၂၉၃)၊
အမှတ် ၇/၈၊ မြန်မာသိရီလင်္ကာရာမကျောင်းလမ်း၊ နတ်ချောင်း၊ တာမွေ။
ပုံနှိပ်ခြင်း။ ဦးအောင်စည်သာ၊ အပါးတော်မြဲပုံနှိပ်တိုက်(၀၁၅၀၅)၊
၁၁၇၉၊ မိုးရိပ်လမ်း၊ ကံဘဲ့၊ ရန်ကင်း။
မျက်နှာဖုံးနှင့် အတွင်းသရုပ်ဖော်ပုံများ။ ဖေသစ်တည်

| |
|---|
| ကကြီး ၊ ခခွေး အလွယ်လေး၊ ညီညီနှင့် အောင်စည် |
| ၄၂ မျက်နှာ၊ ၂၁ စင်တီ× ၂၉ စင်တီ |
| ပထမနှိပ်ခြင်း၊ ၂၀၁၈၊ အောက်တိုဘာလ၊ |
| အုပ်ရေ ၁၀၀၀၊ |

email: aptmpublishinghouse@gmail.com
www.facebook.com/aptmbookhouse
အမှတ် (၇/၀)၊ မြန်မာသိရီလင်္ကာရာမကျောင်းလမ်း၊ နတ်ချောင်း၊ တာမွေမြို့နယ်၊ ရန်ကုန်။
၀၉ ၉၅၁၃၄၄၉၅၅၅၊ ၀၉ ၄၄၁၅၁၅၅၅၉

mgyoe.com

mgyoe.com

# ကကြီး ၊ ခခွေး အလွယ်လေး
# မြန်မာစာသင်စာအုပ်
## အတွဲ (၁)

ညီညီ နှင့် အောင်စည် စီစဉ်သည်။

၂၀၁၈ ခုနှစ်၊ အောက်တိုဘာလ၊ ပထမနှိပ်ခြင်း။

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

မြန်မာစာ စတင်သင်ကြားရေးအတွက် အသင့်လျော်ဆုံးဖြစ်အောင် တွေးဆပြင်ဆင်ပေးထားတဲ့
စာအုပ်လေးဖြစ်ပါတယ်။

---

"က" ကို ကကြီးလို့ ဘာလို့ခေါ်ဆိုသလဲ။
အိမ်မှာ အစောဆုံး၊ အရင်ဆုံး၊ မွေးတဲ့ကလေးတွေကို သားကြီး၊ သမီးကြီး၊ ကိုကြီး၊ မကြီး ခေါ်သလိုပါပဲ။
အက္ခရာတွေမှာ အစောဆုံးစတင်ရေးရတာမို့လို့ ကကြီးလို့ ခေါ်တာပါ။

---

ဝမ်းဘဲလေးနဲ့တူလို့ ဥဝမ်းဘဲ။ ရင်ကလေးကောက်နေလို့ ဍရင်ကောက်၊
ရေမှုတ်ခွက်နဲ့တူလို့ "ဗ" ဗရေမှုတ်ပေါ့။

---

အသံတူတွေ ထွက်ရတဲ့ အက္ခရာတွေမှာ အကြီး/အငယ်တွေ ရှိတယ်ဆိုတာ ရှင်းပြထားသင့်တယ်။
မိသားစုထဲမှာ သားကြီး/ သားငယ်ရှိသလိုပေါ့။
ဂငယ်ရှိလို့ ဃကြီး၊ နငယ်ရှိလို့ ဏကြီး၊ လငယ်ရှိလို့ ဠကြီးဆိုတာလေးတွေဟာ
စူးစမ်းစ ကလေးငယ်တွေအတွက် စိတ်ဝင်စားစရာတွေပါဗျာ။

---

ကလေးတွေ ပျော်ရင်း၊ ပါးရင်း၊ ပုံဆွဲရင်းနဲ့ ရွတ်ဆို၊ ရေးသား၊ လေ့လာအားတွေ
ပိုမိုမြင့်မားလာမှာဖြစ်ကြောင်း ရဲရဲကြီး အာမခံလိုက်ပါရစေ။

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

- မြန်မာစာအခြေခံသင်ကြားရေး၊
အင်္ဂလိပ်စာအခြေခံ သင်ကြားရေးစာအုပ်လေးတွေကို
ကျွန်တော်တို့ စာပေတိုက်က
ဆက်လက်စီစဉ်သွားမှာ ဖြစ်ပါတယ်။
- လက်တွေ့အသုံးဝင်ပြီး
လွယ်ကူစွာ သင်ကြားတတ်မြောက်စေဖို့
တွေးဆပြင်ဆင်ပေးထားတဲ့ စာအုပ်ကလေးပါ။

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

| | | | | |
|---|---|---|---|---|
| က | ခ | ဂ | ဃ | င |
| စ | ဆ | ဇ | ဈ | ည |
| ဋ | ဌ | ဍ | ဎ | ဏ |
| တ | ထ | ဒ | ဓ | န |
| ပ | ဖ | ဗ | ဘ | မ |
| ယ | ရ | လ | ဝ | သ |
| | ဟ | ဠ | အ | |

mgyoe.com

mgyoe.com
mgyoe.com

mgyoe.com

# အမှာစာ

ကလေးတွေကို စာသင်တဲ့အခါ သူတို့စိတ်ဝင်စားအောင် သင်တတ်ဖို့ လိုပါတယ်။ က၊ ခ၊ ဂ၊ ဃ၊ င လို့ သင်တာဟာ ပုံမှန်သင်နည်းပါ။

“က” ကို ကကြီးလို့ ဘာလို့ခေါ်ဆိုသလဲ။

အိမ်မှာ အစောဆုံး၊ အရင်ဆုံး၊ မွေးတဲ့ကလေးတွေကို သားကြီး၊ သမီးကြီး၊ ကိုကြီး၊ မကြီး ခေါ်သလိုပါပဲ။ အက္ခရာတွေမှာ အစောဆုံးစတင်ရေးရတာမို့လို့ ကကြီးလို့ ခေါ်တာပါ လို့ ရှင်းပြသင့်ပါတယ်။

“ခ” ခွေးကိုလည်း ခွေခွေကလေး ခွေးခွေးနေလို့ ခခွေးပေါ့။

အရွယ်ငယ်လို့ ‘ဂ’ ငယ် လို့ ခေါ်တာလေ။

အရွယ်ကြီးတဲ့ကောင်ကိုတော့ ‘ဃ’ ပေါ့။ ဆိုပြီး ရှင်းလင်းပြသတဲ့အခါ ကလေးတွေ ပိုစိတ်ဝင်စားနိုင်ပါတယ်။

င ကိုတော့ နာမည်မပေးထားဘူးပေါ့။ ငဟာ ငပဲပေါ့ လုံးလုံးကလေးရေးရလို့ စလုံး။ လိမ်နေတာမို့ ဆလိမ်။ စလုံးကို ဘေးကနေ မျဉ်းကပ်ဆွဲထားလို့ ဈ။ ဈမြင်းဆွဲလို့ ခေါ်ကြောင်း စိတ်ဝင်စားအောင် ရှင်းပြသင့်ပါတယ်။ အောက်ကနေ စရေးပြီး အောက်က ကွဲနေတာမို့ ဇကွဲလို့ ခေါ်တယ်ပေါ့။

ရှေးခေတ်ကသုံးတဲ့ ထမ်းစင်တွေမှာ သုံးတဲ့ ချိတ်ကလေးနဲ့တူလို့ ချိတ်လို့ ခေါ်တယ်။ ထမ်းစင်နာမည်က သန်လျင်းတဲ့။ သန်လျင်းမှာ သုံးတော့ သန်လျင်းချိတ်ပေါ့။ အဲဒီကနေမှ ‘ဋ’ ဋသန်လျင်းချိတ်လို့ ခေါ်လာကြတာ ခုတော့ အသံထွက်ရင် တ- တလင်း ဂျိတ်လို့ လွယ်အောင် ထွက်နေကြတာ။

ဝမ်းဘဲလေးနဲ့တူလို့ ဎဝမ်းဘဲ။ ရင်ကလေးကောက်နေလို့ ဍရင်ကောက်၊ ရေမှုတ် ခွက်နဲ့တူလို့ ‘ပ’ ပရေမှုတ်ပေါ့။

အသံတူတွေ ထွက်ရတဲ့ အက္ခရာတွေမှာ အကြီး/အငယ်တွေ ရှိတယ်ဆိုတာ ရှင်းပြထား သင့်တယ်။ မိသားစုထဲမှာ သားကြီး/ သားငယ်ရှိသလိုပေါ့။

ဂငယ်ရှိလို့ ဃကြီး

နငယ်ရှိလို့ ဏကြီး

လငယ်ရှိလို့ ဠကြီး ဆိုတာလေးတွေဟာ စူးစမ်းစ ကလေးငယ်တွေအတွက် စိတ်ဝင်စားစရာတွေပါဗျာ။

ဝမ်းဗိုက်ကလေးပူနေလို့ ‘တ’ တဝမ်းပူ။

ဆင်ခြေထောက်ကို ခတ်တဲ့ ထူးပုံစံက ကွင်းနှစ်ကွင်းလေ။ ဒါကြောင့် ထဆင်ထူး။

mgyoe.com

mgyoe.com

ဒထွေးကတော့ 'ဒ' နှစ်ဆင့်ရေးရတာမို့ ပါဠိစကားမှာ နှစ်ခါကို ဒွေးလို့ ခေါ်တာကြောင့် ဒထွေးဖြစ်တာပါ။

အောက်က ချိုင့်နေတဲ့ကောင်လေးကို ဓအောက်ချိုင့်။

စောက်စောက်ကလေးမို့ ပစောက်။

ဦးထုတ်ကလေးနဲ့မို့ ဖဦးထုပ်။

အထက်က ချိုင့်နေလို့ ဗထက်ချိုင့်။

ကုန်းနေတဲ့ကောင်လေးက ဘကုန်း။

ပလက်ဖြစ်နေလို့ ယပက်လက်

ခြေထောက်ကလေး ကောက်နေလို့ ရကောက်

စစရေးတဲ့စာလုံးက ကလေးငယ်တွေအတွက် ဝလုံး ဖြစ်သင့်ပါတယ်။ လွယ်တာကိုး။ လုံးလုံးကလေးဖြစ်နေလို့ သူ့ကိုတော့ ဝလုံးပေါ့။

ဒီလိုမျိုးလေးသာ သင်ရင်း ရှင်းပြ/ရှင်းပြရင်း သင်ကြား ဒီပုံစံနဲ့သာ သွားရင် ကလေးတွေ စာသင်၊ စာဖတ်ရမှာ ပျော်နေမှာ သေချာပါတယ်။

စာသင်တဲ့အခါ -

ဝ၊ ထ၊ က၊ လ၊ သ ပြီးတဲ့အခါ ရေးချကို သင်ရမှာပါ။

ရေးချမှာ ဝိုက်ချ၊ မောက်ချနှစ်မျိုးရှိတာကို ခွဲခြားသင်ပြီး ကလေးကို

- ၊ -ာ ၊ -ား အ၊ အာ၊ အား သရကို ရင်းနှီးအောင် သင်လိုက်ရင် ကလေးငယ်တွေဟာ ဝါကျတိုလေးတွေ ရေးတတ်၊ ဖတ်တတ်၊ ဆိုတတ်လာမှာ ဖြစ်ပါတယ်။

အချိန်တိုအတွင်းမှာ ကလေးငယ်တွေတော့ စာရေးတတ်၊ ဖတ်တတ်လာနိုင်တဲ့ အတွက် ကိုယ့်ကိုယ် ယုံကြည်မှုတွေ တိုးတက်လာမှာ ဖြစ်ပါတယ်။

အဲ့လိုတွေ ရေးတတ်၊ ဖတ်တတ်လာတော့မှ ရွတ်ဆိုဖို့ သီးသန့်ဖြစ်တဲ့

'က' ကလေးငယ် ချစ်စဖွယ်။ တို့ကို စတင်ရွတ်ဆိုနိုင်ပြီ ဖြစ်ပါတယ်။ ရွတ်ဆိုရင်း၊ ရေးသားရင်းနဲ့ ကလေးငယ်တွေဟာ ခက်ခက်ခဲခဲ ရေးရမယ်။ ဋ၊ ဌ၊ ဍ တွေကို ရေးစရာ မလိုသေးဘဲ မြန်မာစာကို ရင်းနှီးကျွမ်းဝင်လာမှာ ဖြစ်ပါတယ်။

ကလေးတွေ ပျော်ရင်း၊ ပါးရင်း၊ ပုံဆွဲရင်းနဲ့ ရွတ်ဆို၊ ရေးသား၊ လေ့လာအားတွေ ပိုမိုမြင့်မားလာမှာ ဖြစ်ကြောင်း ရဲရဲကြီး အာမခံလိုက်ပါရစေ။

ညီညီ




mgyoe.com

ဝ mgyoe.com




ထ



က



လ



သ



ရွတ်ဆိုရန်။ ။ ဝဝ ထထ က လ သ သားသား စာတွေရ။

mgyoe.com

# လေ့ကျင့်ရန်

ဝ ဝ ဝ ဝ ဝ ဝ ဝ ဝ ဝ

ထ ထ ထ ထ ထ ထ ထ ထ ထ

တ တ တ တ တ တ တ တ တ

လ လ လ လ လ လ လ လ လ

သ သ သ သ သ သ သ သ သ

mgyoe.com

mgyoe.com



----ာ ဝိုက်ချ

----ါ မောက်ချ

| | | |
|---|---|---|
| ---- | ----ာ | ----ား |
| အ | အာ | အား |

ရွတ်ဆိုပါ။

| | | |
|---|---|---|
| ဝ | ဝါ | ဝါး |
| ထ | ထာ | ထား |
| က | ကာ | ကား |
| လ | လာ | လား |
| သ | သာ | သား |

mgyoe.com

# လေ့ကျင့်ရန်

ဝ ဝါ ဝါး ဝ ဝါ ဝါး ဝ ဝါ ဝါး ဝ ဝါ ဝါး ဝ ဝါ ဝါး

ထ ထာ ထား ထ ထာ ထား ထ ထာ ထား

တ တာ တား တ တာ တား တ တာ တား

လ လာ လား လ လာ လား လ လာ လား

သ သာ သား သ သာ သား သ သာ သား



mgyoe.com

mgyoe.com





ထ

ဂ

ထဂ

ထထဂ

ထဂသလား

ထ ထ ထ ထ ထ ထ ထ ထ ထ ထ ထ ထ ထ

ဂ ဂ ဂ ဂ ဂ ဂ ဂ ဂ ဂ ဂ ဂ ဂ ဂ ဂ


ထဂ ထဂ ထဂ ထဂ ထဂ ထဂ ထဂ ထဂ

ထထဂ ထထဂ ထထဂ ထထဂ ထထဂ

ထဂသလား ထဂသလား ထဂသလား

mgyoe.com

mgyoe.com



လ

သာ

လသာ

လသာသာ

လသာသလား

လ လ လ လ လ လ လ လ လ လ လ လ လ လ

သာ သာ သာ သာ သာ သာ သာ သာ သာ

လသာ လသာ လသာ လသာ လသာ လသာ

လသာသာ လသာသာ လသာသာ လသာသာ

လသာသလား လသာသလား လသာသလား

mgyoe.com

mgyoe.com





သွား

လာ

သွားလာ

သွားလာသလား

သွား သွား သွား သွား သွား သွား သွား သွား

လာ လာ လာ လာ လာ လာ လာ လာ လာ လာ

သွားလာ သွားလာ သွားလာ သွားလာ သွားလာ

သွားလာ သွားလာ သွားလာ သွားလာ သွားလာ

သွားလာသလား သွားလာသလား သွားလာသလား

mgyoe.com

mgyoe.com



ဝ

ဝါ

ဝါး

ဝါးဝါ

ဝါးဝါသလား

ဝ ဝ ဝ ဝ ဝ ဝ ဝ ဝ ဝ ဝ ဝ ဝ ဝ ဝ ဝ ဝ

ဝါ ဝါ ဝါ ဝါ ဝါ ဝါ ဝါ ဝါ ဝါ ဝါ ဝါ ဝါ ဝါ ဝါ ဝါ

ဝါး ဝါး ဝါး ဝါး ဝါး ဝါး ဝါး ဝါး ဝါး ဝါး ဝါး ဝါး

ဝါးဝါ ဝါးဝါ ဝါးဝါ ဝါးဝါ ဝါးဝါ ဝါးဝါ ဝါးဝါ ဝါးဝါ

ဝါးဝါ ဝါးဝါ ဝါးဝါ ဝါးဝါ ဝါးဝါ ဝါးဝါ ဝါးဝါ ဝါးဝါ



mgyoe.com

mgyoe.com

# ရွတ်ဆိုရန်



က ကလေးငယ် ချစ်စဖွယ်။





ခ ခရေကုံး မလေးပြုံး။





ဂ ဂဏန်းသင် ပြုံးရွှင်ရွှင်။





င ငချိပ်ပေါင်း စားလို့ကောင်း။



mgyoe.com

# လေ့ကျင့်ရန်

က က က က က က က က က

ခ ခ ခ ခ ခ ခ ခ ခ ခ

ဂ ဂ ဂ ဂ ဂ ဂ ဂ ဂ ဂ

ဃ ဃ ဃ ဃ ဃ ဃ ဃ ဃ ဃ

င င င င င င င င င



mgyoe.com

mgyoe.com

## ရွတ်ဆိုရန်



စ စခန်းသာ တောင်တန်းပြာ။





ဆ ဆရာမ ရှိသေကြ။





ဇ ဇလပ်ဖြူ သင်းကြူကြူ။





ည ညနေခင်း ရေခပ်ဆင်း။



mgyoe.com